# ဖယ်ကျဉ်ခံထားရာမှအလယ်ဗဟိုဆီသို့။ ကရင်နီပြည်နယ်အတွင်းနေထိုင်သော တိုင်းရင်းသား လူနည်းစုများ၏ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခံထားရသည့်အတွေ့အကြုံများ


နော်ဝေနင်းကျော် နှင့် စိုးစိုးနွယ်
ရဒ်ကာအန်တလီကိုဗာ (Ph.D) မှ တည်းဖြတ်သည်။





FRIEDRICH EBERT STIFTUNG

PLRI
Peace Leadership & Research Institute

# အကျဉ်းချုပ်

ဤလေ့လာမှု၏ရည်ရွယ်ချက်သည် ကရင်နီပြည်နယ်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏လက်ရှိနိုင်ငံရေးတွင် ဘေးဖယ်ထားခံရသည့် အခြေအနေများကို သုတေသန ပြုလေ့လာရန်ဖြစ်ပြီး ဤသို့ပြုလုပ်ခြင်းအားဖြင့် နိုင်ငံရေး အဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံကိုပြုပြင်ပြောင်းလဲ ရာတွင် အထောက်အကူဖြစ်စေရန်ဖြစ်ပါသည်။ ဤလေ့လာမှုတွင် အရည်အသွေးစံထားသည့် သုတေသနနည်းလမ်းကိုအသုံးပြု ထားပြီး ကရင်နီပြည်နယ်တွင် နေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးစုအသီးသီးမှ ၁၅ဦး ပါဝင်ဖြေဆိုခဲ့ပါသည်။ ဤလေ့လာမှုမှတစ်ဆင့် ကရင်နီပြည်နယ်ရှိ တိုင်းရင်းသား လူနည်းစုများသည် ၎င်းတို့၏ယဉ်ကျေးမှု၊ ဘာသာရေး၊ နှင့် လူမျိုးစုများ၏ဇစ်မြစ်တို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ တည်ဆောက်မှုပုံစံတွင် ခွဲခြားဆက်ဆံခြင်းများခံရကြောင်း တွေ့ရှိခဲ့ပါသည်။ တွေ့ရှိချက်များအရ အထူးသဖြင့် အဖွဲ့အစည်းအတွင်း တိုင်းရင်းသားလူနည်းစုများကို ခွဲခြား ဆက်ဆံခြင်း၊ လူနည်းစုများသည် အဖွဲ့အစည်းများအပေါ်တွင် ယုံကြည်မှုမရှိခြင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်မှုမရှိခြင်း၊ သတင်း အချက်အလက်များရရှိမှုအားနည်းခြင်း၊ လူထုကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်၍ အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ လူထုနှင့်ချိတ်ဆက်မှုတို့မရရှိခြင်း၊ နှင့် ပဋိပက္ခနှင့်အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် သဘောထားအမြင်များကို ထင်ရှားစွာ ညွှန်ပြနေပါသည်။ ထိုအကြောင်းအရာများအားလုံးသည်လည်း ဗမာမှုပြုခြင်းအယူအဆနှင့်ဆက်စပ်နေသည်ကိုတွေ့ရှိရသည်။ ခြုံငုံသုံးသပ်သော် ထိုရလဒ်များသည် တိုင်းရင်းသားလူများစု ဖြစ်သည့် ဗမာလူမျိုးများက တိုင်းရင်းသားလူနည်းစုများကို ယဉ်ကျေးမှုဓလေ့ဆိုင်ရာများတွင် အတင်းအကျပ်လက်ခံ စေခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိခဲ့သည်။ ယေဘုယျအားဖြင့် ထိုတွေ့ရှိချက်များအရ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်စေရန်အတွက် တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးတွင်ကိုယ်စားပြုပါဝင်မှုကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ကရင်နီပြည်နယ်တွင်ဖြစ်ပေါ်နေသော ပဋိပက္ခသံသရာဖြစ်စဉ်ကို အဆုံးသတ်နိုင်ကြောင်း အကြံပြု တင်ပြထားပါသည်။ ဤလေ့လာမှုသည် ကရင်နီပြည်နယ်ရှိ နိုင်ငံရေးနှင့် လူမှုရေးတွင် ဖယ်ကျဉ်ခံထားရသည့်အခြေအနေများ နှင့် တိုင်းရင်းသားလူနည်းစု များနှင့် ပြည်နယ်အစိုးရကြား လက်ရှိအရှိန်မြှင့်တက်လျက်ရှိသော ပဋိပက္ခများ၏ အဓိကအကြောင်းရင်းသာမက ထိုအခက်အခဲများ အတွက်နည်းလမ်းများကိုလည်း နားလည်သိမြင်နိုင်ရန် အထောက်အကူဖြစ်စေပါသည်။

# ကျေးဇူးတင်လွှာ

စာရေးသူများအနေဖြင့် အဖွဲ့အစည်းအမျိုးမျိုးနှင့်ချိတ်ဆက် ရာတွင်လည်းကောင်း၊ ပါဝင်ဖြေဆိုသူများကိုဆက်သွယ် ရာတွင်လည်းကောင်း အကူအညီပေးခဲ့ကြသော ဒေသခံ များကို အထူးကျေးဇူးတင်ရှိပါသည်။ အတွေ့အကြုံများကို မျှဝေပေးခဲ့ကြသည့် ပါဝင်ဖြေဆိုသူ အယောက်ချင်းစီကိုလည်း စာရေးသူများကကျေးဇူးတင်ရှိပါသည်။ ဤသုတေသနအစီရင်ခံစာသည် ကရင်နီပြည်နယ်ရှိ နိုင်ငံရေးနှင့် လူမှုရေးရာတွင်ဘေးဖယ်ထားခြင်းများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ပြည်နယ်အစိုးရကြား လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများ၏ အခြေခံအကြောင်းရင်း များနှင့်ပတ်သက်ပြီး နားလည်သိမြင်နိုင်စေရန်သာမက ဗမာပြည်ရှိ ပြည်တွင်းစစ်ပွဲများနှင့် ပဋိပက္ခများ သံသရာကိုအဆုံးသတ်နိုင်ရန် လက်တွေ့ကျသောနည်းလမ်းများဖော်ထုတ်ရာတွင်လည်း အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

JOINT PEACE FUND

FRIEDRICH EBERT STIFTUNG

Forum of Federations
The Global Network on Federalism and Devolved Governance

Thabyay Education Foundation
inspire . empower . enable

# နိဒါန်း

"ဗမာပြည်သည် ဒို့ပြည်၊ ဗမာစာသည် ဒို့စာ၊ ဗမာစကားသည် ဒို့စကား" သည် ကိုလိုနီခေတ်မတိုင်မီကာလတည်းကပင် ဖွဲ့စည်း တည်ဆောက်ပုံမှုဖြင့်ဗမာလူမျိုးကြီးဝါဒအားပေးမြှင့်တင်ပေးသည့် သက်တမ်းအရင့်ဆုံးနိုင်ငံရေးအဖွဲ့အစည်းများထဲမှတစ်ခု ဖြစ်သော တို့ဗမာအစည်းအရုံး၏ကြွေးကြော်သံပင်ဖြစ်သည်(Tarling ၊ ၁၉၉၂၊ စာမျက်နှာ - ၂၈၉)။ ထိုမူဝါဒသည် ဗမာကြီး စိုးသည့် နိုင်ငံရေးအဖွဲ့ အစည်းများအားလုံးတွင် သက်ရောက်မှုရှိပြီး တောင်တန်းဒေသရှိ ပြည်သူများအပေါ် ခွဲခြားဆက်ဆံမှုသည် ဗြိတိသျှများထံမှ လွတ်လပ်ရေးရပြီး စစ်အစိုးရအုပ်ချုပ်မှုလက်အောက်တွင် ဆက်လက်ဖြစ်ပေါ် နေခဲ့သည် (Smith ၊ ၁၉၉၄)။ ဗမာ^၁^နိုင်ငံသည် ခိုင်မာသောလူမှုဖွဲ့စည်းတည်ဆောက်ပုံစနစ်ရှိသောနိုင်ငံ တစ်ခုဖြစ်ပြီး လုပ်ပိုင်ခွင့်အာဏာခွဲဝေရာတွင် မညီမျှခြင်းများကြောင့် လူနည်းစုအဖွဲ့များမှပြည်သူလူထုသည် လူမှုတရားမမျှတမှုနှင့် တန်းတူမညီမျှမှုတို့ကို ယနေ့အချိန်အထိ ရင်ဆိုင်ခံစားရလျက်ရှိသည်။ ထိုလူမှုစနစ်တွင် ဆင်းရဲမွဲတေမှု၊ လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်စု၊ ကျား၊မ ဖြစ်တည်မှု နှင့် လိင်စိတ်တိမ်းညွတ်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံမှုများ နှင့် ချိုးဖောက်ခြင်းများပုံစံအမျိုးမျိုးရှိပြီး ထိုအရာများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီးဖြစ်ပါသည်။

သမိုင်းကြောင်းများအရ ကရင်နီပြည်သူလူထုသည် ဗမာအစိုးရ အဖွဲ့နှင့် လိုလားစွာချိတ်ဆက်ပါဝင်မှုမျိုး မရှိသလောက် ရှားပါး ခဲ့ပါသည်။ ၁၈၇၅ ခုနှစ်တွင် ဗြိတိသျှတို့သည် ကရင်နီပြည်နယ်သည် လွတ်လပ်သောပြည်နယ်ဖြစ်ကြောင်းတရားဝင်ကြေညာချက်ထုတ်ပြန် ခဲ့ခြင်းမှာ ကရင်နီပြည်သည် ဗမာနှင့်သာမက ဗြိတိသျှနှင့်လည်း မသက်ဆိုင်ဘဲ သီးခြားပြည်နယ်ဖြစ်ကြောင်းဆိုလိုခြင်းဖြစ်ပါသည်။ နိုင်ငံတွင်း ဦးနု အာဏာရပြီးနောက်တွင် ကရင်နီပြည်နယ်သည် ပြည်ထောင်စုတွင်ပါဝင်ရန်ငြင်းဆန်ခဲ့သောကြောင့် ၁၉၄၈ ခုနှစ်တွင် ဗမာ့တပ်မတော်က ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည် (Smith ၊ ၁၉၉၄)။ ထိုကဲ့သို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုသည် မြန်မာပြည်တွင် ဖြစ်ပွားနေသော အရှည်ကြာဆုံးသောပဋိပက္ခများ အနက်မှတစ်ခုအပါအဝင်ဖြစ်ပြီး နှစ်ပေါင်း ၇၀ကျော်ရှည်ကြာ နေသည့် ပြည်တွင်းစစ်ပွဲများ၏အစပင်ဖြစ်ပါသည်။ ပဋိပက္ခများအစပြုသည့်အချိန်မှစ၍ ကရင်နီပြည်သူလူထုသည် ၁၉၈၀ ခုနှစ်ကာလများမှ ယနေ့အချိန် အထိ ဗိုလ်ချုပ်နေဝင်းနှင့် အစိုးရအဆက်ဆက်တို့၏ အကြမ်းဖက်မှုများဆက်တိုက်ရင်ဆိုင်ခဲ့ ရသည် (Smith ၊ ၁၉၉၄)။ ကရင်နီလက်နက်ကိုင်အဖွဲ့များသည် တပ်မတော်၊ အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုများ အကောင်အထည်ဖော်ရန် အကြိမ်ပေါင်းများစွာ ကြိုးပမ်းအားထုတ် ခဲ့သော်လည်း အောင်မြင်မှုမရရှိသေးဘဲ အရေးနိမ့်နေဆဲဖြစ်ပါသည်။ အကျိုးရလဒ်အနေဖြင့် ကရင်နီပြည်နယ်ရှိကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံမပြည့်စုံမှု နှင့် စာတတ်မြောက်မှုနှုန်း နည်းပါးခြင်း၊ ပညာရေးဆိုင်ရာအခွင့်အလမ်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံနှင့်ပံ့ပိုးမှု မရှိခြင်းနှင့် နေရာအတော်များများတွင် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းတို့ကြောင့် ပြည်သူလုထုသည် ဆင်းရဲနွမ်းပါးစွာနေထိုင် နေရလျက်ရှိသည်။ ထို့အပြင် ထိုင်းနိုင်ငံနှင့်ဗမာပြည်နေရာ အနှံ့အပြားတွင် ကရင်နီ ပြည်နယ်မှပြောင်းရွှေ့နေထိုင်နေသည့် ဒုက္ခသည်များထောင်နှင့်ချီ ရှိနေပြီး (ကုလသမဂ္ဂ မြန်မာအရှေ့တောင်ပိုင်းရှိ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီး (UNHCR)၊ မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်၊ ၂၀၁၄)၊ လက်နက်ကိုင်ပဋိပက္ခများနှင့် မတရားဖိနှိပ် မှုများကြောင့်ဖြစ်ပေါ် သည့် သေဆုံးမှုအရေအတွက်နှင့်ပတ်သက်၍ တိကျခိုင်မာသောအချက်အလက်မရှိပေ။

ကရင်နီပြည်သူလူထုအနေဖြင့် နိုင်ငံရေးအရနှင့် ဖွဲ့စည်းပုံမှုအရ ဘေးဖယ်ခံထားရပြီး ၎င်းတို့မရှိသကဲ့သို့ဆက်ဆံမှုများကြောင့် ၎င်းတို့အနေဖြင့် ဗမာပြည်နှင့်သက်ဆိုင်မှုမရှိဟု အစဉ်အမြဲခံစား နေရလျက်ရှိပါသည် (Smith ၊ ၁၉၉၄)။ နိုင်ငံရေးတွင်ဘေးဖယ် ထားခြင်းသည် နိုင်ငံရေးပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်း စဉ်များတွင် တစ်ဦးချင်းစီ သို့မဟုတ် အုပ်စုလိုက် ချန်လှပ်ထားခြင်း (Watts ၊ ၂၀၀၂) ဖြစ်ပြီး လူမှုရေးရာတွင် ဘေးဖယ်ထားခြင်းသည် လူ့အဖွဲ့အစည်းတွင်ရှိသူများကို လုပ်သားဈေးကွက်နှင့် လူမှုဖူလုံရေး လုပ်ငန်းစဉ်များတွင် ချန်လှပ်ထားခဲ့ခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည် (Democratic Dialogue ၊ ၁၉၉၅)။ နိုင်ငံရေး နှင့် လူမှုရေးရာတွင် ဘေးဖယ် ထားခြင်းသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပြီး လူမှုရေးရာတွင်ဘေးဖယ်ခံထားရသောသူများသည် နိုင်ငံရေး တွင်လည်း တက်ကြွစွာပါဝင်နိုင်ခြင်းမရှိပေ။ ထို့အပြင် ပြည်သူ များသည် နိုင်ငံရေးအရပါဝင်နိုင်ခြင်းမရှိလျှင် ၎င်းတို့သည် နိုင်ငံရေးအရ ကိုယ်စားပြုမှုလည်းမရှိနိုင်သောကြောင့် အကျိုးရလဒ် အနေဖြင့် ၎င်းတို့တွင် နိုင်ငံရေးအရလုပ်ပိုင်ခွင့်အာဏာမရှိဖြစ်ကာ ၎င်းတို့သည် ဥပဒေပြဋ္ဌာန်းရေး နှင့် မူဝါဒပြုရေးတွင်ပါဝင်နိုင်ခြင်းမရှိ တော့ပေ။ ထို့ကြောင့် နိုင်ငံရေးအဖွဲ့အစည်းများတွင်ဖယ်ကျဉ် ထားခြင်း၏ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ပြည်သူ့ရေးရာ မူဝါဒသည် ဖယ်ကျဉ်ခံထားရသည့်ပြည်သူကို ကိုယ်စားမပြုနိုင်ဘဲ ထိုပြည်သူများသည်လည်း ပြည်သူ့ဝန်ဆောင်မှုများ နှင့် ဥပဒေ ကြောင်းအရအကာအကွယ်များမရရှိခြင်းများဖြစ်စေပါသည်။ နောက်ဆုံးတွင် တရားဝင်ဖွဲ့စည်းပုံအာဏာရရှိခြင်းသည် အရင်းအမြစ်များကို ထိန်းချုပ်သုံးစွဲခွင့်ရရှိနိုင်သည့်အတွက် နိုင်ငံရေး နှင့် လူမှုရေးရာတွင်ဘေးဖယ်ထားခြင်းသည် ပဋိပက္ခများ ဖြစ်ပေါ် စေနိုင်ပါသည် (Watts ၊ ၂၀၀၂)။

ဗမာပြည်တစ်ပြည်လုံးကိုယ်စားပြုပြီး တိုင်းရင်းသားများ၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားထားသော ဖွဲ့စည်းတည်ဆောက်ပုံနှင့်အတူ အားလုံးပါဝင်သောနိုင်ငံရေး အဖွဲ့အစည်းများသည် ဗမာမဟုတ်သောတိုင်းရင်းသားပြည်သူများ နှင့် ဗမာကြီးစိုးသောအစိုးရအဖွဲ့ကြား တင်းမာနေမှုများကိုလျှော့ချ နိုင်ရန် အဓိကကျသောအရာဖြစ်ပြီး၊ ပဋိပက္ခဖြေရှင်းရာတွင် နည်းဗျူဟာတစ်ခုအဖြစ်လည်း ထိရောက်စွာလုပ်ဆောင်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် သမိုင်းကြောင်းများအရ ဖယ်ကျဉ်ခံထားရသော ပြည်သူများ နိုင်ငံရေးရာတွင်ပါဝင်နိုင်ရန်လည်း လိုအပ်လျက် ရှိပါသည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ နိုင်ငံတကာ သုတေသန နှင့် မူဝါဒပြောင်းလဲရေး စည်းရုံးလှုပ်ရှားမှုများကို ဖော်ဆောင်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Transnational Institute မှ ပုံနှိပ်ထုတ်ဝေသည့် အစီရင်ခံစာ တစ်စောင်တွင် "ဆယ်စုနှစ်ပေါင်းများစွာ တည်တံ့နေသည့် လူမျိုးစုပဋိပက္ခများ၊ နိုင်ငံရေးတွင်ဘေးဖယ်ထားခြင်းနှင့် လူမှု စီးပွားဆိုင်ရာ ဥပေက္ခာပြုမှုများကို အဆုံးသတ်ကာ အသိအမြင် ကြွယ်ပြီး အားလုံးပါဝင်သောပြောင်းလဲမှုတစ်ခုဖြစ်ပေါ် ပေါက်ရန်

အတွက် ကယား (ကရင်နီ) ပြည်နယ်သည် အဓိကကျသောအစိတ်အပိုင်းတစ်ခုဖြစ်လာသင့်ကြောင်း” (Kramer ၊ Russell နှင့် Smith ၊ ၂၀၁၈၊ စာမျက်နှာ - ၁၃၃) အခိုင်အမာပြောဆိုထားသည်။ ထို့ကြောင့် ဤသုတေသနပြုလုပ်ရခြင်း အကြောင်းသည် ကရင်နီပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးစုများကို အမှန်တကယ်ကိုယ်စားပြုပြီး တန်းတူညီမျှမှု နှင့် တရားမျှတမှု အခြေခံမှုများပေါ်အခြေခံပြီး အားလုံးပါဝင်သော နိုင်ငံရေးဖွဲ့စည်းတည်ဆောက်ပုံတစ်ရပ်ဖြစ်ပေါ်စေရေးအတွက် ခိုင်မာသော အထောက်အထားများရရှိရန်ဖြစ်ပါသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် တိုင်းရင်းသားလူနည်းစုများကြား စည်ဆက်မပြတ် တည်တံ့မည့် ငြိမ်းချမ်းရေးဖြစ်ပေါ်စေရန် နိုင်ငံ၏နှစ်ပေါင်းကြာရှည်နေသည့် ပြည်တွင်းစစ်ပွဲကိုဖြေရှင်းနိုင်မည့် နည်းလမ်းများ ထုတ်ဖော်နိုင်မည် ဖြစ်သည်။ အထူးသဖြင့် ယခုသုတေသနတွင် ကရင်နီပြည်နယ်မှပြည်သူများ၏နိုင်ငံရေးနှင့်လူမှုရေးရာတွင်ဘေးဖယ်ခံထားရသည့် အတွေ့အကြုံများသာမက ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူနည်းစုများပါဝင်မှုတိုးတက်ကောင်းမွန်စေရန်နည်းလမ်းများ လေ့လာဖော်ထုတ်မည်ဖြစ်ပါသည်။

# သုတေသနနည်းလမ်း

ဤလေ့လာမှုတွင် အရည်အသွေးစံထားသည့်နည်းစနစ်၊ အထူးသဖြင့် လူတွေ့ အသေးစိတ်တွေ့ဆုံမေးမြန်းသည့် နည်းလမ်းကို အသုံးပြုခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများကို တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသောမေးခွန်းများပြင်ဆင်ထား ရခြင်းမှာ သုတေသီများအနေဖြင့် သက်ဆိုင်ရာခေါင်းစဉ်များနှင့် ပတ်သက်ပြီး နောက်ဆက်တွဲမေးခွန်းများ ပိုမိုအသေးစိတ် မေးမြန်းနိုင်ရန် ဖြစ်ပါသည်။ ထို့အပြင် အဖွင့်မေးခွန်းများအသုံးပြုခြင်းဖြင့် ပါဝင်ဖြေဆိုသူများသည် ၎င်းတို့၏အမြင်များကို ၎င်းတို့ ကိုယ်ပိုင်စကားလုံးများ ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခဲ့ ပါသည်။ ထို့သို့ပြုလုပ်ခြင်းဖြင့် သုတေသီများနှင့်ပါဝင်ဖြေဆို သူများကြား ဆက်ဆံရေးကောင်းမွန်ပြီး ပါဝင်ဖြေဆိုသူများ လွတ်လပ်စွာချက်ချင်းတုံ့ပြန်ပြောဆိုနိုင်ရန်အခွင့်အရေးပေးနိုင်ရန် အလွန်အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းမှုလမ်းညွှန်တွင် မေးခွန်း ၁၁ခုပါဝင်ပါသည်။ ပထမဆုံးအနေဖြင့် ဗမာပြည်နှင့် ပတ်သက်ပြီး မိမိမြေ၊ မိမိရေ၊ မိမိနိုင်ငံဟု ပါဝင်ဖြေဆိုသူများ၏ သက်ဆိုင်အသိအမှတ်ပြုလိုစိတ် (sense of belonging) အကြောင်း ဆွေးနွေးပြောဆိုခဲ့ပြီး၊ ထို့နောက် ဗမာပြည်၏တစ်စိတ် တစ်ပိုင်းအဖြစ်နေထိုင်ရာမှ အရင်းခံဖြစ်ပေါ်လာသော အခက်အခဲများနှင့် အကျိုးကျေးဇူးများကို မေးမြန်းခဲ့ပါသည်။ ဆက်လက်ပြီး လူမှုဝန်ဆောင်မှုများ နှင့် ကရင်နီပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတများမှ အကျိုးကျေးဇူးများကို ခံစားရရှိမှုနှင့်ပတ်သက်ပြီး ပါဝင်ဖြေဆိုသူများအနေဖြင့် အကျိုးပါဝင်ခံစားရခြင်း သို့မဟုတ် ဘေးဖယ်ခံထားရခြင်း ရှိ၊ မရှိ မေးမြန်းခဲ့ပါသည်။ တစ်ဆက်တည်း မေးမြန်းသောမေးခွန်း များသည်  ပြည်နယ်နှင့် ဗဟိုအစိုးရအဖွဲ့နှင့်ပတ်သက်သော ပါဝင်ဖြေဆိုသူများ၏ အတွေ့အကြုံအကြောင်းများဖြစ်ပါသည်။ တတိယအချက်အနေဖြင့်မေးမြန်းရာတွင် အစိုးရအဖွဲ့အစည်းများ နှင့် လက်ရှိ  အမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဖြေဆိုသူများ၏ကိုယ်စားပြုပါဝင်မှုအကြောင်း မေးခွန်းများပါဝင်သည်။ နောက်ဆုံးတွင် တိုင်းပြည်အနာဂတ်အတွက်ပါဝင်ဖြေဆိုသူများ၏ မျှော်မှန်းချက်များနှင့် နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်း စဉ်များတွင် အားလုံးပါဝင်နိုင်စေရန် အကြံပြုချက်များနှင့် ပတ်သက်သော မေးခွန်းများပါဝင်သည်။ မေးခွန်းများကို အင်္ဂလိပ် နိုင်ငံရေးအခြေအနေများနှင့် သက်ဆိုင်သော အသိပညာဗဟု သုတရှိသူများကို ရွေးချယ်ခဲ့သည်။ သုတေသီများသည် မျိုးနွယ်စုခွဲအသီးသီးရှိ ကရင်နီပြည်သူလူထု၊ အမျိုးသားများ နှင့် အမျိုးသမီးများလည်း ပါဝင်နိုင်ရန်ကြိုးစားခဲ့ပါသည်။ နောက်ဆုံးနမူနာတွင် ကယန်း၊ ကယော၊ ကရင်နီ၊ ဗမာ-ကယော၊ နှင့် ကရင်မျိုးနွယ်စုအသီးသီးမှ အမျိုးသမီး ရှစ်ဦး နှင့် အမျိုးသား ခုနစ်ဦးဖြင့် ပါဝင်ဖြေဆိုသူစုစုပေါင်းမှာ ၁၅ဦးရှိသည်။ အချက်အလက်များမကောက်ယူမီ သုတေသီများသည် ကရင်နီပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ (CSOs) တွင် လုပ်ကိုင်လျက်ရှိသော ဒေသခံများကို ဆက်သွယ်ခဲ့ပြီး သုတေသနစီမံကိန်းအကြောင်း ရှင်းလင်းပြောပြခဲ့ပါသည်။ သုတေသီများအနေဖြင့် ကရင်နီပြည်နယ်ရှိ အရပ်ဘက် အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသောသူများနှင့် ယခင်တည်းက ကွန်ရက်ချိတ်ဆက်ခဲ့ဖူးသောကြောင့် ထိုကွန်ရက်များမှတစ်ဆင့် ၎င်းတို့နှင့်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်။

## နမူနာ၊ နမူနာကောက်ယူခြင်း နှင့် လုပ်ငန်းစဉ်

ဤလေ့လာမှုတွင် ဖြစ်တန်စွမ်းနည်း နမူနာကောက်ယူနည်း၊ အထူးသဖြင့် ဆင့်ကဲနမူနာကောက်ယူနည်း (snowball sampling) အသုံးပြုကာ ပါဝင်ဖြေဆိုသူများသည် ၎င်းတို့၏ နီးစပ်ရာသူများနှင့် ရည်ညွှန်းချိတ်ဆက်ပေးခြင်းဖြင့် နောက်ထပ် ပါဝင်သူများ ရရှိခဲ့ပါသည်။ ထို့အပြင် ပါဝင်ဖြေဆိုသူများကို စိစစ်ရွေးချယ်နမူနာကောက်ယူခြင်း (purposive sampling) နည်းအသုံးပြု၍ ရပ်ရွာလူထုတွင်းအလုပ်အတွေ့အကြုံ နှင့်

အချက်အလက်များကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ၌ ကရင်နီ ပြည်နယ်၊ လွိုင်ကော်မြို့တွင် ကောက်ယူခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများကို ပါဝင်ဖြေဆိုသူများအတွက် လုံခြုံစိတ်ချရသောနေရာများဟု ယူဆရသည့် ၎င်းတို့၏ ရုံးခန်းများ သို့မဟုတ် နေအိမ်များ သို့မဟုတ် သုတေသီများ တည်းခိုရာနေရာတွင် လူတွေ့မေးမြန်းခဲ့ပါသည်။ ပထမဆုံး သုတေသီများက ၎င်းတို့ကိုယ်ကို မိတ်ဆက်ကာ သုတေသန အင်စတီကျူ့အကြောင်းမိတ်ဆက်ပြောပြကာ လက်ကမ်း စာစောင်များပေးခဲ့ပါသည်။ ထို့နောက် သုတေသနပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းပြကာ အသံသွင်းမှတ်တမ်းယူထားသည့် မေးမြန်းမှုတွင်ပါဝင်ရန် ၎င်းတို့ထံမှ နှုတ်ဖြင့်သဘောတူညီမှု ရယူခဲ့သည်။ ပါဝင်ဖြေဆိုသူများ၏ နာမည်များနှင့် အဖွဲ့အစည်း အမည်များကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြမည်မဟုတ် ကြောင်း နှင့် ၎င်းတို့၏သတင်းအချက်အလက်ဖော်ပြ ချက်များသည် သုတေသီများအသုံးပြုရန်သာဖြစ်ကြောင်း ရှင်းပြပြောဆိုခဲ့သည်။ ပါဝင်ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ ပါဝင်မှုသည် ၎င်းတို့ဆန္ဒသဘောထားအရသာဖြစ်ပြီး မေးမြန်းသည့်မေးခွန်းများကို ကျော်ခြင်း သို့မဟုတ် ၎င်းတို့ဆန္ဒ ရှိပါက မေးမြန်းခြင်းကိုရုတ်သိမ်းမှုများပြုလုပ်နိုင်ကြောင်း အသိ ပေးထားခဲ့ပါသည်။ ထို့နောက် သုတေသီများသည် မေးခွန်းများ စတင်မေးမြန်းခဲ့သည်။ အချက်အလက်များ ပြည့်စုံစွာ ကောက်ယူပြီးနောက်တွင် ပါဝင်ဖြေဆိုသူများအနေဖြင့် မေးခွန်း များတွင်မပါဝင်ခဲ့သော်လည်း သုတေသနနှင့်သက်ဆိုင်သည့် အကြောင်းအရာများ ထပ်မံဖြည့်စွက်လိုခြင်း သို့မဟုတ် ၎င်းတို့ မေးမြန်းလိုသည့်မေးခွန်းများ ရှိ၊ မရှိ မေးမြန်းခဲ့ပါသည်။

# တွေ့ရှိချက်များနှင့် ဆွေးနွေးချက်များ

ဤသုတေသနတွင် ကရင်နီပြည်နယ်သူ၊ပြည်နယ်သားများ၏ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခံထားရသည့် အတွေ့ အကြုံများကို တိုင်းတာစစ်ဆေးရာတွင် ရှုထောင့်ပေါင်းစုံ (multi-dimensional) မှ လေ့လာသည့်နည်းလမ်းကို အသုံးပြု ခဲ့သည်။ ဤတိုင်းတာမှုကို အောက်ပါရှုထောင့်များပေါ်တွင် နိုင်ငံရေးတွင်ဖယ်ကျဉ်ခံထားရခြင်းဆိုင်ရာရှုထောင့်များ မူဘောင် (World Bank ၊ ၂၀၁၄) ဖြစ်သည့် (၁) ပဋိပက္ခနှင့် အကြမ်းဖက်မှု၊ (၂) လုံခြုံရေး၊ (၃) ရပ်ရွာလူထုအတွင်း ပြည်သူနှင့် ချိတ်ဆက်လုပ်ဆောင်မှု၊ (၄) သတင်းအချက်အလက် ရရှိမှု၊ (၅) အဖွဲ့အစည်းများပေါ်တွင် ယုံကြည်မှု၊ (၆) ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းနှင့် (၇) အခြား စသည်တို့ပေါ်တွင် မူလအခြေခံထားခြင်း ဖြစ်ပါသည်၊ သို့ရာတွင် အချက်အလက်များကို စိစစ် လေ့လာရာတွင် အချို့သော ရှုထောင့်များ ထပ်နေသည်ကို သုတေသီများကတွေ့ရှိ ခဲ့သောကြောင့် တွေ့ရှိချက်အတော် များများကို “အခြား” ကဏ္ဍအောက်တွင် သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ပဋိပက္ခနှင့် အကြမ်းဖက်မှု နှင့် လုံခြုံရေးကို “ပဋိပက္ခ နှင့် အကြမ်းဖက်မှု” ရှုထောင့်တစ်ခုအဖြစ်ပေါင်းထားပြီး “ဖွဲ့စည်းတည်ဆောက်ပုံမှုအရ ခွဲခြားဆက်ဆံခြင်း”နှင့် “ဗမာမှုပြုခြင်း” ဟူသည့် ရှုထောင့်အသစ်နှစ်ခုပေါင်းထည့်ကာ စုစုပေါင်းရှုထောင့် ၇ခုဖြင့် တိုင်းတာလေ့လာ ခဲ့ပါသည်။

## ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင်ပါဝင်မှု

ဆုံးဖြတ်ချက်ချမှတ်ရာတွင်ပြည်သူလူထု၏ပါဝင်မှုသည် အခြေခံ ကျသောအခွင့်အရေးဖြစ်သောကြောင့် ဒီမိုကရေစီနိုင်ငံတစ်ခု အတွက် အရေးကြီးဆုံးသောအချက်များထဲမှ တစ်ခုဖြစ်ပါသည် (Tafjord ၊ ၂၀၀၇) ။ သို့သော်လည်း ပါဝင်ဖြေဆိုသူများအားလုံး၏ ဖော်ပြချက်အရ ၎င်းတို့သည် နိုင်ငံရေးရာနှင့် သဘာဝသယံ ဇာတနှင့်သက်ဆိုင်သော ကိစ္စရပ်များကဲ့သို့သော ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်မရရှိကြောင်း ပြောဆို ခဲ့ပါသည် (ပုံ (၁)ကိုကြည့်ပါ) ။ အစိုးရအဖွဲ့အစည်းများကို ဗဟိုကချုပ်ကိုင်ထားပြီး ဆုံးဖြတ်ချက်ချမှတ်သူများနေရာတွင် လည်း အထက်ဗမာပြည်မှ ဗမာလူမျိုးများသာလျှင် နေရာယူ ထားပြီး ဒေသခံပြည်သူများကို အောက်ခြေအဆင့်ဝန်ထမ်းများ နေရာတွင်သာ ခန့်အပ်ထားသည်။ ဥပမာအနေဖြင့် ပါဝင်ဖြေဆိုသူ KN9 က “... ညွှန်မှူးတွေ၊ အုပ်ချုပ်ရေးမှူးတွေ၊ ခရိုင်မှူးတွေ ` အဲ့ဒီထဲမှာလိုက်ရှာ လိုက်မေးကြည့် တိုင်းရင်းသားတွေမရှိဘူး။ ကယားပြည်နယ်မှာ ခရိုင်၂ခုရှိတယ်၊ ခရိုင်မှူးတွေ အဲ့မှာ တိုင်းရင်းသားတွေ ဘယ်လောက်ပါလဲ ဘယ်လောက်မှ မရှိဘူး။ ပြည်နယ်အဆင့်ထွေအုပ်တွေ အားလုံးက တိုင်းရင်းသား တယောက်မှ မပါဘူး...” ဟု ပြောဆိုခဲ့ပါသည်။ ထို့အပြင် ၎င်းအနေဖြင့် လက်ရှိကရင်နီပြည်နယ်ဝန်ကြီးချုပ်သည် ဒေသ

ပုံ (၁) ပါဝင်ဖြေဆိုသူများ၏ ဖယ်ကျဉ်ခံထားရခြင်းနှင့်ပတ်သက်သောအတွေ့အကြုံများ



တွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုမှဖြစ်သော်လည်း ၎င်းသည် ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် လုပ်ပိုင်ခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ချက်များအားလုံးကို ဗဟိုအစိုးရအဖွဲ့ကသာလျှင် ချမှတ်ခြင်းဖြစ်ပါသည်။ အလားတူပင် KN10 က "အရည်အသွေး ကတော့ ကျွန်တော်တို့မှာ ရှိပြီးသားပဲ ဒါပေမယ့် ဖိတ်ချင်ဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုပြီး ဗမာလူမျိုးကြီးဝါဒ သွတ်သွင်းတာတွေက အုပ်ချုပ်ရေးမှူးတွေက ပြည်မကပဲဖြစ်ရမယ်၊ ဒီသင်တန်းတက် ထားတဲ့သူတွေပဲဖြစ်ရမယ်၊ ဒီသင်တန်းမတက်ရင်မရဘူးဆိုပြီး ထားတာတွေက အကြီးပိုင်းတွေက ဗမာဖြစ်ရမယ်ဆိုပြီး ရှိတာတွေက ကျနော်တို့ကို ခွဲခြားသုတ်အဆင့်မှာပဲထားတယ်။" ဟု ထုတ်ဖော်ဆွေးနွေးခဲ့ပါသည်။

ထို့အပြင် ပါဝင်ဖြေဆိုသူများအားလုံးသည် ၎င်းတို့ပြည်နယ်မှ ထွက်သော သယံဇာတများမှအကျိုးအမြတ်များရရှိသည်ဟု မခံစားရဘဲ ထိုအကြောင်းအရာများနှင့်ပတ်သက်၍လည်း ဆုံးဖြတ်ချက်များအားလုံးကို ဗဟိုအစိုးရကချမှတ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဥပမာအနေဖြင့် ပြည်နယ်ရှိ ရေအားလျှပ်စစ် စွမ်းအင် ထုတ်လုပ်သည့်စက်ရုံများသည် ပြည်နယ်ပြင်ပရှိ ဒေသများသို့သာ လျှပ်စစ်ဖြန့်ဝေပေးလျက်ရှိသည်။ ပါဝင် ဖြေဆိုသူ KN10 က "ခဲတွင်းဆို ၁၈၃၀ ကျော်လောက်တည်းက စတူးတာ။ စက်ရုံဆို ၁၉၆၄လောက်ကတည်းကစပြီး လည်တဲ့ စက်ရုံကြီး၊ အခုထိကျွန်တော်တို့က မီးလင်းဖို့ကြိုးစားနေရတဲ့ အဆင့်မှာပဲရှိတယ်။ ဒါကတော့ မျှတတယ်လို့၊ ကိုယ့်ပြည်နယ်က ထွက်တာ ကိုယ်စားရတယ်လို့ မမြင်ဘူး မျှတတဲ့ခံစားခွင့်လို့ ကျွန်တော်မမြင်ဘူးပေါ့။" ဟု ဆွေးနွေးခဲ့ပါသည်။

## ဖွဲ့စည်းတည်ဆောက်ပုံမှုအရခွဲခြားဆက်ဆံခြင်း

ပါဝင်ဖြေဆိုသူများအားလုံးက ၎င်းတို့သည်ခွဲခြားဆက်ဆံခံခဲ့ ရကြောင်းဖော်ပြခဲ့ပါသည်၊ အမှန်တကယ်အားဖြင့် ၎င်းတို့သည် ထိုအချက်ကို အကြောင်းအရာများအားလုံးထဲတွင် ၆၁ကြိမ်တိတိ ဖော်ပြမှုအများဆုံးဖြစ်သည် (ပုံ (၁)ကိုကြည့်ပါ)။ ကြီးစိုးနေသည့်အုပ်စုများကို အရေးပေးလိုသည့်ရည်ရွယ်ချက်ဖြင့် လူအုပ်စုတစ်စုကို ၎င်းတို့၏ မျိုးနွယ်စု၊ ဘာသာ၊ လူမျိုး၊ သို့မဟုတ် လူမှုအဆင့်အတန်း နှင့် အခြားသောပုံစံအမျိုးမျိုး ဖြင့်လည်း တစ်ဦးချင်း သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံမှုအရ မညီမျှစွာဆက်ဆံမှုများ ရင်ဆိုင်ခံစားရခြင်းသည် ခွဲခြား ဆက်ဆံခြင်းဖြစ်ပါသည် (Krieger ၊ ၁၉၉၉)။ Turner (၂၀၀၆) က တည်းဖြတ်ပြီး ကမ်းဘရစ်ချ်တက္ကသိုလ်မှပုံနှိပ်ထုတ်ဝေသော လူမှုဗေဒဆိုင်ရာအဘိဓာန်တွင် ဖွဲ့စည်းတည်ဆောက်ပုံမှုအရ ခွဲခြားဆက်ဆံခြင်း (institutional discrimination) သည် သွယ်ဝိုက်ခွဲခြားဆက်ဆံသည့်ပုံစံမျိုးဖြစ်ပြီး ရလဒ်အနေဖြင့် အဖွဲ့အစည်းများတွင် သို့မဟုတ် အရင်းအမြစ်များရရှိရာတွင် လူ နည်းစုများပါဝင်မှုကိုချန်လှပ်ထားခြင်း စသည့်အကျိုးဆက်များ ဖြစ်ပေါ်စေသည်။ ပါဝင်ဖြေဆိုသူအများစုပေးထားသောဥပမာ တစ်ခုမှာ အစိုးရအဖွဲ့အစည်းများတွင် အလုပ်ခန့်အပ်ရာတွင် မတရား၊ မမျှတသောအခွင့်အရေးများရှိခြင်းဖြစ်သည်။

အစိုးရပညာရေးဌာနမှ ပါဝင်ဖြေဆိုသူ KN7 က "ကိုယ့်အပေါ်မှာ လာအုပ်ချုပ်တဲ့လူကြီးတိုင်း ကိုယ့်ပြည်နယ်ရဲ့ ဌာနဆိုင်ရာတိုင်းက လူကြီးက ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာဖြစ်ချင်မှဖြစ်မယ်။ ဒါပေမယ့် လူဆိုတာ ငါးပိသည်က ငါးပိကိုရင်းနှီးပြီး ဆားသည်က ဆားကိုပဲရင်းနှီးမှာပေါ့။ လာအုပ်ချုပ်တဲ့ အကြီးအကဲလုပ်တဲ့သူက ရပိုင်ခွင့်အခွင့်အရေးဟူသမျှ သူတို့နီးစပ်တဲ့သူကိုအရင်ပေးမှာ ပဲ။ ကျွန်မတို့က ဘာသာမတူ၊ လူမျိုးမတူတဲ့အတွက်ကြောင့် ကျွန်မတို့ကို ဒုတိယနေရာမှာပဲသူတို့ထားမှာ" ဟု ၎င်း၏အမြင် ကိုဆွေးနွေးပြောဆိုခဲ့ပါသည်။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ KN13 က -

> "…. အထူးသဖြင့်ထွေအုပ်တွေ အုပ်ချုပ်ရေးဦးစီး ဌာနတွေမှာ ကြည့်လိုက်ရင် ကိုယ့်ရဲ့ပြည်နယ်သားတွေ ကိုယ့်ကိုပြန် အုပ်ချုပ်နေတာရှားတယ်။ အခြားပြည်မကလာပြီးတော့ အုပ်ချုပ်တယ်ဆိုတဲ့ဟာတွေကိုပဲ မြင်ရတယ်။ ပြီးတော့ ဝန်ထမ်းအခွင့်အရေးကိုကြည့်မယ်ဆိုရင် ဒီပြည်နယ်ဆိုရင် ဝန်ထမ်းအိမ်ရာတွေဆိုပြီးတော့ ဆောက်ထားတာတွေရှိတယ်၊ ဒါပေမဲ့ ဝန်ထမ်းအိမ်ရာတွေက ပြည်နယ်ထဲမှာရှိတဲ့ တစ်ချို့ဝန်ထမ်းတွေ လျှောက်တော့ ရတာတွေနည်းတယ်။ ကြည့်လိုက်ရင် ပြည်မကလူတွေချည်းပဲ အကုန်လုံးဝန်ထမ်း အိမ်ယာတွေမှာ နေခွင့်ရတာမျိုး၊ ဒါတွေကတော့ တရားဝင် ခွဲခြားသတ်မှတ်ထားတာတွေ မရှိပေမဲ့ သူတို့ကျင့်သုံးတဲ့ အရာမှာ သူတို့ဒေသခံတွေအပေါ် အရမ်းကိုခွဲခြား ဆက်ဆံနေတာကို မြင်နေရတယ်။" ဟု ထုတ်ဖော် ပြောဆိုခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် ပါဝင်ဖြေဆိုသူသည် အဖွဲ့အစည်းများတွင် ဗဟိုမှချုပ်ကိုင်ထားသော အလုပ်ခန့်အပ်ခြင်းမှုကိုဖော်ပြခဲ့ပြီး ပြည်နယ်တက္ကသိုလ်များရှိ ဌာနဆိုင်ရာအုပ်ချုပ်သူနေရာအတွက် ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို အသေးစိတ်ဥပမာပေးခဲ့ပါသည်။ ဗဟိုအစိုးရမှချမှတ်သောအမိန့်တွင် အလုပ်ရာထူးအတွက် လိုအပ်ချက်အနေဖြင့် သတ်မှတ်ထားသည့်ဘွဲ့လက်မှတ်ရရှိ ရမည်ပါရှိသည်။ အကျိုးဆက်အနေဖြင့် သာမန်ရိုးရိုးဘွဲ့များ သာရရှိထားသော ဒေသခံများအတွက်အခွင့်အလမ်းများသည် အလိုအလျောက်ပိတ်သွားပြီး ရွေးချယ်ခံရသူများပိုင်ဆိုင် ထားသော အစိုးရအဖွဲ့မှသတ်မှတ်သည့် ပညာအရည်အချင်း များသည် ကရင်နီပြည်နယ်တွင် မရရှိနိုင်သောပညာရေး ဖြစ်ပါသည်။ ဆက်လက်ပြီး KN10 က လှိုင်ကော်နည်းပညာ တက္ကသိုလ်ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအမှတ် များ၏ သက်ရောက်မှုအကြောင်းကိုပြောပြခဲ့ပါသည်။ ယေဘုယျ အားဖြင့် ဒေသခံကျောင်းသားများသည် အတွေ့အကြုံနည်းသည့် သာမက ဒေသအနေအထားနှင့်ပတ်သက်ပြီး ဗဟုသုတလည်း လုံလောက်စွာ မရှိသောဆရာ၊ ဆရာမများနှင့်သင်ယူရ သောကြောင့် ၎င်းတို့၏အမှတ်နည်းပြီး ရန်ကုန်၊ မန္တလေးမြို့ကြီး များရှိ ကျောင်းသားများသည် အတွေ့အကြုံပြည့်ဝသောဆရာ၊ ဆရာမများနှင့်သင်ယူရသောကြောင့် အမှတ်များများရရှိသည်။

## ပဋိပက္ခ နှင့် အကြမ်းဖက်မှု

ပဋိပက္ခ၊ အကြမ်းဖက်မှု နှင့် ပြည်တွင်းစစ်တို့သည် ဗမာပြည်တွင် နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်စေခဲ့ပြီးဖြစ်ပါသည်။ အကယ်၍ ပြည်သူများသည် အကြောက်တရားနှင့် ပဋိပက္ခနှင့်အကြမ်းဖက်မှု အခြေအနေများကိုခံစားရခြင်းသည် ၎င်းတို့အတွက် စိတ်ပိုင်း ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများဖြစ်စေပါသည်။ ပါဝင် ဖြေဆိုသူစုစုပေါင်း ၁၃ဦးသည် ပဋိပက္ခ နှင့် အကြမ်းဖက်မှု အကြောင်း ဖော်ပြခဲ့ပါသည် (ပုံ (၁)ကိုကြည့်ပါ)။ ပါဝင်ဖြေဆိုသူအများစုသည် တိုက်ပွဲများနှင့်ပတ်သက်၍ စိုးရိမ်မှု များရှိနေဆဲဖြစ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။ ပါဝင်ဖြေဆိုသူ KN4 က "သူတို့တွေလက်မှတ်မထိုးသေးတော့ ကိုယ့်အနေနဲ့မလုံ မခြုံတော့နေရတာပေါ့နော်။ လုံခြုံမှုမရှိဘူး လို့ပဲမြင်တယ်။ ဒါပေမယ့်လက်မှတ်ထိုးလိုက်ပြီဆိုရင်လည်း တိုက်ပွဲတွေမဖြစ် တော့ဘူးလို့ ပြောလို့မရဘူး။ ဒါပေမယ့် လက်မှတ်မထိုးနေသရွေ့ ကတော့ တိုက်ပွဲတွေ အချိန်မရွေးဖြစ်နေနိုင်တယ်ဆိုတဲ့ဟာတွေ ရှိနေသေးတယ်ဆိုတော့ ကိုယ့်အတွက်မလုံမခြုံဖြစ်စရာပေါ့နော်" ဟု ၎င်း၏စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) သည် တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်မရေးထိုးသေးသောကြောင့်ဖြစ်သည်။ "အခုလက်ရှိမှာ စစ်တပ်နဲ့ KNPP က ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေး သဘောတူစာချုပ်ပဲရှိနေသေးတယ်၊ ဆိုလိုတာက စစ်ပွဲအချိန်မရွေးဖြစ်နိုင်တယ်။ စစ်တပ်ကလည်း တပ်ဖြန့်ကျက် ထားတော့ အခြေအနေကပိုပြီးပြင်းထန်လာတယ်။ ဒီလိုလုပ်ရား မှုတွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပိတ်ဆို့မှုဖြစ်စေတဲ့အချက် တွေထဲက တစ်ချက်ပဲ" ဟု ပါဝင်ဖြေဆိုသူ KN14 က ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ပါဝင်ဖြေဆိုသူ KN10 ကလည်း လက်ရှိအစိုးရအဖွဲ့သည် အင်အားကြီးသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုသာ အလေးထားသည့်အကြောင်း ပြောဆိုကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဝေဖန်သုံးသပ်ခဲ့ပါသည်။ သူ့အနေဖြင့် "ဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ power ကို အခြေခံ ပြီးတော့မှ လုပ်တယ် အဲ့လိုမျိုးလုပ်တဲ့ဟာတွေက အရမ်းကို မှားယွင်းတယ်လို့မြင်တယ်" ဟု သုံးသပ်ဆွေးနွေးခဲ့သည်။

## လူမှုဝန်ဆောင်မှုများနှင့် ရပ်ရွာလူထုအတွင်း ပြည်သူနှင့် ချိတ်ဆက်လုပ်ဆောင်မှုမရှိခြင်း

ပါဝင်ဖြေဆိုသူ ၁၄ဦးသည် ရပ်ရွာလူထုအတွင်း ပြည်သူနှင့်ချိတ် ဆက်လုပ်ဆောင်မှုနှင့်ပတ်သက်သော ၎င်းတို့၏အတွေ့အကြုံများ နှင့် ၎င်းတို့နယ်မြေတွင် လူမှုဝန်ဆောင်မှုများမရှိခြင်းအကြောင်း ပြောဆိုဆွေးနွေးခဲ့သည် (ပုံ(၁)ကိုကြည့်ပါ)။ များသောအားဖြင့် ၎င်းတို့အနေဖြင့် စာသင်ကျောင်းများ လုံလောက်စွာမရှိခြင်း၊ အထက်ဗမာပြည်မှဆရာ၊ဆရာမများသည် ဤနယ်မြေတွင် အချိန်ကြာမြင့်စွာမနေထိုင်လိုခြင်း စသည့်ပညာရေးဆိုင်ရာ အခွင့်အလမ်းများ အကန့်အသတ်ရှိကြောင်းဖော်ပြခဲ့သည်။ ထို့အပြင် အခြေခံပညာကျောင်းဖွင့်ရန်အတွက် အစိုးရက သတ်မှတ်ထားသော လိုအပ်ချက်ဖြစ်သည့် ကျောင်းသားဦးရေ အနည်းဆုံး ၄၅ဦးရှိရမည်ဟူသောအချက်ကို မပြည့်မီသော ကြောင့် အချို့နယ်မြေများတွင် အစိုးရပညာရေးစနစ်မရရှိကြပေ။ ဥပမာအားဖြင့် ပါဝင်ဖြေဆိုသူ KN6 က "အစိုးရသတ်မှတ် ထားတဲ့အချက်တွေနဲ့မပြည့်မီသည့်တိုင်အောင် ကျွန်တော်တို့ဆီမှာ စာသင်ကျောင်းလိုအပ်တယ်။ အစိုးရက သတ်မှတ်ပေးတာမဟုတ်ဘူး ဒီကျောင်းကို သင်ပေးရတယ်။ နောက်ဆုံး စိတ်ဝင်စားတဲ့ လူငယ်တွေ၊ ကိုယ့်အမျိုးကို ချစ်မြတ်နိုးတဲ့ လူငယ်တွေ စုပြီး ကျောင်းဆရာမအဖြစ်၊ စေတနာ့ ဝန်ထမ်းအဖြစ်သွားလုပ်လိုက်ရတယ်ပေါ့။"ဟု ဆွေးနွေးခဲ့ပါသည်။ ကရင်နီပြည်နယ်၏ အချို့သောနေရာများတွင် လမ်းပန်းဆက် သွယ်ရေးခက်ခဲသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများမရှိခြင်း နှင့် ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများ လုံလောက်မှုမရှိပေ။ ပါဝင်ဖြေဆိုသူ KN7 အနေဖြင့် ၎င်းတို့ဒေသကိုလာရောက်သော ဆရာဝန်အများစုသည် နိုင်ငံတွင်းအခြားဒေသများမှ ရာထူးအဆင့်လျှော့ချခံရပြီး ရောက်ရှိလာခြင်းဖြစ်ရာ ၎င်းတို့သည်ကျွမ်းကျင်မှုမရှိကြောင်း ပြောဆိုခဲ့သည်။ Hamilton နှင့် Svensson (၂၀၁၄) တို့၏ ပြောဆိုချက်အရ၊

> "ပြည်သူ့ဝန်ဆောင်မှုပေးရာတွင်အားနည်းခြင်းသည် ဆင်းရဲ မွဲတေမှုကိုမြင့်တက်ခြင်းနှင့် အသွင်ကူးပြောင်းခြင်းစွမ်းရည်ကို လျော့ကျစေသည်သာမက ပြည်သူ့ဝန်ဆောင်မှုပေးရာတွင် အားနည်းခြင်း၏ အကျိုးဆက်အနေဖြင့် ပြည်နယ်၏ တရားဝင်လုပ်ပိုင်ခွင့်အာဏာကိုမေးခွန်းထုတ်စရာဖြစ်လာပြီး နိုင်ငံရေးတွင်ပါဝင်မှုလျော့ကျခြင်းအပါအဝင် နိုင်ငံရေး စနစ်တွင်မယုံကြည်မှုဖြစ်စေသည့် ရှုန်းမထွက်နိုင်သော သံသရာစက်ဝန်းတစ်ခုလည်းဖြစ်ပေါ်စေပါသည်" (စာမျက်နှာ - ၄)။

ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်မှုကို မြှင့်တင်ရန် နှင့် ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ရွာလူထုအတွင်း ပြည်သူနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်းသည် အလွန်အရေးပါသောအချက်ဖြစ်ပါသည်။ သို့ရာတွင် ဒေသခံ ပြည်သူများနှင့် ရပ်ရွာလူထုအတွင်း အခက်အခဲပြဿနာများကို ဖြေရှင်းရန် နှင့် ရပ်ရွာလူထု၏လိုအပ်ချက်များကို ကိုင်တွယ် လုပ်ဆောင်ရန် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်းမရှိကြောင်း ပါဝင်ဖြေဆိုသူအချို့ကပြောဆိုခဲ့သည်။ ပါဝင်ဖြေဆိုသူ KN1 က အစိုးရအဖွဲ့နှင့်ပတ်သက်ပြီး "အဓိကကအစိုးရကလူထုပါဝင်လာဖို့ အတွက် လမ်းဖွင့်ပေးဖို့လိုတယ်။ ကရင်နီအပါအဝင် တခြား အဖွဲ့တွေ ပါဝင်လာဖို့ လမ်းကြောင်းဖော်ဆောင်ပေးဖို့လိုတယ်။ ပြီးတော့ လူထုအသံကိုလည်း လေးစားပြီး နားထောင်ဖို့ လိုမယ်လို့မြင်တယ်။" ဟု အကြံပြုဆွေးနွေးခဲ့သည်။ အလားတူပင် ပါဝင်ဖြေဆိုသူ KN5 အနေဖြင့် အစိုးရအဖွဲ့သည် လူငယ်

စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် သင့်တော်သောမူဝါဒတစ်ရပ် မရှိကြောင်း နှင့် လူငယ်ကော်မတီများတွင် လူထုကိုယ်စားလှယ် အစစ်အမှန်များ လိုအပ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ပြည်သူလူထုစွမ်းရည်မြှင့်တင်ပေးပြီး အစိုးရအဖွဲ့နှင့် ချိတ်ဆက်မှုများ ပိုမိုလုပ်ဆောင်ပါက ၎င်းတို့သည် အစိုးရအဖွဲ့အစည်းများ ပေါ်တွင် ပိုမိုယုံကြည်မှုရှိလာပြီး ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင်ပါဝင်ရန် ပိုမိုစိတ်အားထက်သန်လာမည် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အစိုးရအဖွဲ့သည် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး အစရှိသည်တို့ ရရှိနိုင်ရန်ထောက်ပံ့ပေးခြင်းဖြင့် ပြည်သူလူထု သည်လည်း နိုင်ငံရေးလှုပ်ရှားမှုများတွင် ပိုမိုပါဝင်နိုင်မည် ဖြစ်ပါသည်။ ထိုအကြောင်းအချက်များအားလုံးသည် ထပ်နေပြီး အားလုံးပေါင်းလုပ်ဆောင်ခြင်းဖြင့် တက်ကြွလှုပ်ရှားနိုင်ငံသား ဖြစ်ရေး နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အထောက်အကူ ပြုနိုင်ပါသည်။

## သတင်းအချက်အလက်မရရှိမှု

ပါဝင်ဖြေဆိုသူ ၁၁ဦးသည် သတင်းအချက်အလက်မရရှိခြင်း အကြောင်း စုစုပေါင်း ၁၆ကြိမ်ဖော်ပြပြောဆိုခဲ့သည် (ပုံ(၁)ကို ကြည့်ပါ)။ ပါဝင်ဖြေဆိုသူများက အစိုးရအဖွဲ့စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုမရှိဟု ခံစား ရကြောင်း၊ ဥပမာအနေဖြင့် ပါဝင်ဖြေဆိုသူ KN1သည် ဒေသခံများ အနေဖြင့် ဗဟိုနှင့် ပြည်နယ်အဆင့်တို့ကြား ဘဏ္ဍာရေးနှင့် ပတ်သက်ပြီးခွဲဝေမှုကို မသိရှိရကြောင်းပြောပြခဲ့သည်။ "ပြည်ထောင်စုက အဲ့ဒီ့ကနေမှတစ်ဆင့် ပြည်နယ်ကို ဘတ်ဂျက် ပြန်မျှပေးသွားတဲ့အပေါ်မှာ ကျွန်မတို့ကရင်နီကနေ ထွက်လာတဲ့ ရင်းနှီးမြှုပ်နှံငွေဘယ်လောက်ထည့်လို့ ပြည်ထောင်စုက ဘယ်လောက်ပြန်ရတယ်ဆိုတဲ့ information အတိအကျလည်း ကျမတို့မှာ မသိရဘူး"။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီးလည်း သတင်းအချက်အလက်များမရရှိပေ။ သာမန်ပြည်သူအများစုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စိတ်ပါဝင်စားသော်လည်း ၎င်းတို့အနေဖြင့် "ငြိမ်းချမ်းရေးလုပ်ငန်း စဉ်အကြောင်းမသိကြဘူး။ ဒီ Facebook နဲ့ မီဒီယာတွေကနေပဲ သတင်းရတယ်။ ပြည်သူကသတင်းအချက်အလက်မရဘူး ဆိုရင် သူတို့မပါဝင်နိုင်ဘူး" ဟု ပါဝင်ဖြေဆိုသူ KN9 က ဖော်ပြပြောဆိုခဲ့သည်။

## အစိုးရအဖွဲ့အစည်းပေါ်တွင်ယုံကြည်မှုမရှိခြင်း

ပါဝင်ဖြေဆိုသူအများစုသည် ရပ်ရွာလူထုကိုအကျိုးသက်ရောက်မှု ရှိစေသည့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ဒေသခံတိုင်းရင်းသားများပါဝင်မှုနည်းခြင်းကြောင့် ၎င်းတို့ အနေဖြင့် ကရင်နီပြည်နယ်အစိုးရ (ကယားပြည်နယ်အစိုးရအဖွဲ့) ၏ လုပ်ဆောင်ချက်များအပေါ်ယုံကြည်မှုမရှိပေ။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး "အခုအစိုးရက ဒီကပဲ ရွေးချယ်ထားတယ်။ ဒါပေမယ့် အပေါ်ယံ လူလောက်ပဲ။ လုပ်ပိုင်ခွင့်တွေ လုပ်နိုင်တဲ့ အာဏာတွေက အပေါ်ကပဲ ထိန်းချုပ်ထားတယ်။ အစိုးရက ကိုယ့်ပြည်နယ်က ရှိတယ် ဆိုပေမယ့် တကယ်က ဟန်ပြပဲ။" ဟု KN6 က ထုတ်ဖော်ပြောဆို ခဲ့သည်။ ဒေသခံတိုင်းရင်းသားစည်းရုံးလှုံ့ဆော်သူများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အမှန်တကယ်စိတ်ပါဝင် စားသူသည် အောက်ခြေအဆင့်တွင်သာရှိပြီး ဆုံးဖြတ်ချက်ချမှတ် သည့်လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ခြင်းမရှိပေ။ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနေရာများတွင် နေထိုင်သော ဒေသခံတိုင်းရင်းသားပြည်သူများသည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုဒဏ်များကို ခံစားရလျက်ရှိသည်။ သို့သော်လည်း ထိုစီမံကိန်းများကို ခွင့်ပြုချက်ပေးသော ပြည်နယ်အစိုးရမှတာဝန် ရှိသူများသည် ထိုကိစ္စနှင့်ပတ်သက်ပြီး နစ်နာကြေးပေးခြင်း မရှိသလို တာဝန်ယူမှုလည်းမရှိပေ။ ပြည်နယ်တွင်း ရင်းနှီးမြှုပ်နှံ မှုများမှ ရရှိလာသော ဝင်ငွေခွဲဝေမှုနှင့် သယံဇာတအရင်း အမြစ်များ ခွဲဝေခြင်းတို့တွင် ပွင့်လင်းမြင်သာမှုမရှိခြင်းသည် ပြည်နယ်အစိုးရပေါ်တွင် ယုံကြည်မှုနည်းပါးစေသည်။ သို့ရာတွင် ကရင်နီပြည်နယ်နှင့်သက်ဆိုင်သော ယခင်သုတေသနတွင် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရန်အတွက် ယုံကြည်မှု တည်ဆောက်ခြင်းသည် အရေးကြီးကြောင်း ညွှန်ပြခဲ့ပြီးဖြစ်သည် (Kramer ၊ Russell နှင့် Smith ၊ ၂၀၁၈)။ ထို့အပြင် Levi (၁၉၉၈) ကလည်း စစ်မှန်သောအရပ်သားအစိုးရအဖွဲ့သည် ၎င်း၏လုပ်ဆောင်ချက်များ နှင့် မူဝါဒများကို နိုင်ငံသားများ၏ လိုအပ်ချက်များကိုအခြေခံခြင်းဖြင့် အစိုးရအဖွဲ့သည် ပြည်သူ၊ ပြည်သားများ၏ ယုံကြည်မှုနှင့် လေးစားမှုကို ရရှိမည်ဖြစ်ပါသည် ဟုပြောဆိုခဲ့ပါသည်။

## ဗမာမှုပြုခြင်းဆိုင်ရာအတွေ့အကြုံများ

ဗမာမှုပြုခြင်းသည် ဆုံးဖြတ်ချက်ချမှတ်သည့်အခန်းကဏ္ဍများ တွင် ဗမာလူမျိုးများကြီးစိုးခြင်း နှင့် ၎င်းတို့၏ ယဉ်ကျေးမှု နှင့် ဘာသာတရားကို ဥပဒေ၊ မူဝါဒများနှင့် လှုပ်ရှားမှုများမှတစ်ဆင့် အတင်းအကျပ်လက်ခံစေခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ယခင်သုတေသနလေ့လာမှုများတွင် ဗမာမှုပြုခြင်းအကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည် (Berlie ၊ ၂၀၀၈၊ Gravers ၊ ၂၀၁၀၊ Holmes ၊ ၁၉၆၇၊ Karlsson ၊ ၂၀၁၂၊ Kham ၊ ၂၀၁၆၊ Lewis ၊ ၁၉၂၄)။ ယခုလေ့လာမှုသည် ဗမာမှုပြုခြင်းအကြောင်းမေးခွန်း များကို တွေ့ဆုံမေးမြန်းမှုလမ်းညွှန်တွင် ထည့်သွင်းထားခြင်းမရှိ သော်လည်း မေးမြန်းခဲ့သည့်ဖြေဆိုသူများအားလုံးသည် ထိုအကြောင်းကိုဖော်ပြခဲ့ပြီး ဗမာနိုင်ငံရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ၎င်းသည်အရေးကြီးဆုံးအချက်တစ်ချက် ဖြစ်ကြောင်းထင်မြင်သုံးသပ်ခဲ့သည် (ပုံ(၁)ကိုကြည့်ပါ)။ အထူးသဖြင့် ပါဝင်ဖြေဆိုသူအများစုသည် ကရင်နီပြည်နယ် အပါအဝင် လူနည်းစုနယ်မြေဒေသများတွင် ဗိုလ်ချုပ် အောင်ဆန်းရုပ်တု စိုက်ထူမှုနှင့်ပတ်သက်ပြီး ဒေသခံပြည်သူ

ပုံ (၂) ဖယ်ကျဉ်ထားခြင်းသံသရာ




များက စိတ်ကျေနပ်မှုမရှိကြောင်း ပြောဆိုခဲ့ပါသည်။ ကရင်နီလူငယ်များသည် ရုပ်တုကိုကန့်ကွက်သောဆန္ဒပြပွဲများပြုလုပ်ခဲ့သော်လည်း ပြည်နယ်အစိုးရသည် မည်သည့်နည်းနှင့်မဆို တည်ဆောက်ခဲ့ပါသည်။ ဆန္ဒပြသူများအနေဖြင့် ဗိုလ်ချုပ်

အောင်ဆန်းရုပ်တုသည် ၎င်းတို့တိုင်းရင်းသားမျိုးနွယ်စု၏ ခံယူမှု နှင့် ၎င်းတို့၏ပြည်နယ်အတွက် သင့်လျော်မှုမရှိဟု အခိုင်အမာပြောဆိုနေပြီး ယခုလေ့လာမှုပြုလုပ်သည့်အချိန်တွင် ဖြစ်ပေါ်နေသော ဗမာမှုပြုခြင်း၏ ဥပမာတစ်ခုအဖြစ် ရှင်းလင်းစွာ တွေ့ရှိနေပါသည်။

အားလုံးခြုံကြည့်သော် ယခုလေ့လာမှုတွင်တွေ့ရှိရသော နိုင်ငံရေးနှင့်လူမှုရေးရာတွင် ဘေးဖယ်ခံထားရခြင်းဆိုင်ရာ အခြားသောရှုထောင့်အားလုံး၏ အခြေခံအကြောင်းရင်းမှာ ဗမာမှုပြုခြင်းဖြစ်ပြီး၊ ၎င်းတို့သည် တစ်ခုနှင့်တစ်ခုစက်ဝန်းကဲ့သို့ ချိတ်ဆက်ကာသံသရာလည်နေပါသည် (ပုံ(၂)ကိုကြည့်ပါ)။ အထူးသဖြင့် ဗမာမှုပြုခြင်းသည် စနစ်တကျဖြင့် တိုင်းရင်းသားများကို ခွဲခြားဆက်ဆံကာ ဖယ်ကျဉ်ထားပြီး အဖွဲ့အစည်းများတွင် ၎င်းတို့ကိုကိုယ်စားပြုပါဝင်ခြင်းအတွက် အဟန့်အတားဖြစ်စေသည့်အတွက် ၎င်းတို့သည်လည်း အဖွဲ့အစည်းများပေါ်တွင် မယုံကြည်မှုဖြစ်ပေါ်စေသည်။ အလားတူပင် လူမှုဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်ရရှိမှု၊ ရပ်ရွာလူထုတွင် ပြည်သူနှင့်ချိတ်ဆက်လုပ်ဆောင်မှု နှင့် အဖွဲ့အစည်းများအပေါ်ယုံကြည်မှုတို့သည် ဆက်စပ်လျက်ရှိနေပါသည်။ ပြည်သူများသည် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်နိုင်ခြင်းမရှိပါက ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင်လည်း ပါဝင်နိုင်မည်မဟုတ်ပေ။ ထိုအချက်များသည် လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများဖြစ်စေသည့်အခြေခံအကြောင်းအရင်းများဖြစ်ပါသည်။

# သုံးသပ်ချက်များနှင့် အကြံပြုထောက်ခံချက်များ

လက်ရှိသုတေသနပြုလုပ်ရခြင်းရည်ရွယ်ချက်သည် ကရင်နီပြည်နယ်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ အတွေ့အကြုံများကို လေ့လာဖော်ထုတ်ရန် နှင့် ထိုအရာပေါ် အခြေခံပြီး ဗမာပြည် ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းစဉ်တွင် အထောက်အပံ့ဖြစ်စေနိုင်သည့် နိုင်ငံရေးဖွဲ့စည်းတည်ဆောက်ပုံမူကို ဖော်ဆောင်နိုင်ရန်ဖြစ်ပါသည်။ တွေ့ရှိချက်များအရ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူနည်းစုများပါဝင်မှုမရှိခြင်း၊ ပြည်နယ်ရှိအစိုးရအဖွဲ့အစည်းများတွင် ကြုံတွေ့ရသည့် ခွဲခြားဆက်ဆံမှုများ နှင့် နိုင်ငံတွင် ရှည်လျားသော ပဋိပက္ခ နှင့်အကြမ်းဖက်မှု သမိုင်းကြောင်းတို့၏ သက်ရောက်မှုများကို အခိုင်အမာအတည်ပြုခဲ့သည်။ တွေ့ရှိချက်များတွင် လူမှုဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်မရရှိခြင်း၊ ရပ်ရွာလူထုတွင် ပြည်သူနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်းမရှိခြင်း နှင့် အစိုးရအဖွဲ့အစည်းများအပေါ်တွင်ယုံကြည်မှုမရှိခြင်းတို့သည် ဗမာမှုပြုခြင်းနှင့် ဆက်စပ်လျက်ရှိသည်ကို ညွှန်ပြနေပါသည်။ အားလုံးခြုံငုံသုံးသပ်သော် ထိုရလဒ်များသည် ကြီးစိုးနေသော လူများစုဖြစ်သည့် ဗမာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့များကို အတင်းအကျပ်လက်ခံစေခြင်းများဖြစ်ပေါ်လျက်ရှိသည်။ ဗမာလူမျိုးများသည် နိုင်ငံရေးနှင့် လူမှုအဖွဲ့အစည်းများတွင်လည်း ကြီးစိုးနေပြီး ၎င်းတို့၏လွှမ်းမိုးမှု နှင့် အထက်အောက်ရာထူးအဆင့်ဆင့် မူဝါဒများ နှင့် လုပ်ဆောင်ချက်များသည် တိုင်းရင်းသားလူနည်းစုများကို ဘေးဖယ်ထားပြီး သတင်းအချက်အလက်ရရှိရန် အကန့်အသတ်ဖြစ်နေ၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ၎င်းတို့၏ပါဝင်မှုကိုအတားအဆီးဖြစ်စေပါသည်။ အရေးကြီးဆုံးအနေဖြင့် သုတေသနမှထွက်ပေါ်လာသော ရလဒ်များသည် ဗမာပြည်တွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့် ပြည်တွင်းစစ်ပွဲများဖြစ်ပွားနေခြင်းသံသရာကို အဆုံးသတ်နိုင်ရန်အတွက် သက်သေအထောက်အထားများဖြစ်နိုင်ပါသည်။ တိုင်းရင်းသားလူနည်းစုများ၏ စစ်မှန်သောကိုယ်စားပြုမှုနှင့်အတူ အရေးပါသောဆုံးဖြတ်ချက်များချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်လာစေရန် အားလုံးပါဝင်သော နိုင်ငံရေးအဖွဲ့အစည်းများ တည်ဆောက်ရာတွင် ထိုတွေ့ရှိချက်များကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ပဋိပက္ခသံသရာကို အဆုံးသတ်နိုင်မည်ဖြစ်သည်။

ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများကို နိုင်ငံရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ၎င်းတို့၏အလုပ်အတွေ့အကြုံပေါ် အခြေခံပြီး ရွေးချယ်ခဲ့သောကြောင့် အချက်အလက်ကောက်ယူခြင်းတွင် ကန့်သတ်မှုများ ရှိပါသည်။ ထို့ကြောင့် တွေ့ရှိချက်များသည် ကရင်နီပြည်သူ၊ ပြည်သားများအားလုံး၏ အတွေ့အကြုံများ ထပ်တူဖြစ်သည်ဟု မဆိုနိုင်ပေ။ အလားတူပင် နိုင်ငံအဝှမ်း တပ်မတော်နှင့် အစိုးရအဖွဲ့အစည်းများ၌ တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်စားပြုပါဝင်မှုကို လေ့လာဖော်ထုတ်ရန်အနာဂတ်တွင် လေ့လာမှုများ ပြုလုပ်သင့်ပါသည်။ အချက်အလက်ကောက်ယူခြင်း သတ်မှတ်အချိန်ကာလသည် လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုစိုက်ထူခြင်း ကန့်ကွက်ဆန္ဒပြမှုနှင့် မမျှော်လင့်ထားဘဲတိုက်ဆိုင်နေခဲ့သည်။ ပါဝင်ဖြေဆိုသူများသည် လက်ရှိအခြေအနေများနှင့် နှိုင်းဆပြီးတုံ့ပြန်သောကြောင့် ၎င်းတို့၏ အဖြေများသည် ကန့်ကွက်ဆန္ဒပြပွဲဖြစ်ရသည့်အကြောင်းရင်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိနေသောကြောင့် ၎င်းသည်လေ့လာမှုအပေါ် သက်ရောက်မှုရှိခဲ့သည်။

ကရင်နီပြည်သူ၊ပြည်သားများ၏ အနာဂတ်မျှော်မှန်းချက်ကိုရရှိရန် အလို့ငှာ အရေးကြီးသောပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်လျက်ရှိပါသည် -

၁။ ပထမဆုံးနှင့် အရေးကြီးဆုံးအချက်အနေဖြင့် တိုင်းရင်းသားလူမျိုးစုများသည် ပြည်ထောင်စုနှင့် သက်ဆိုင်သည်ဟူသည့်အသိအမှတ်ပြုမှု (sense of belonging) ရှိစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားများ၏ကိုယ်ပိုင်ခံယူချက်များ နှင့် နောက်ခံသမိုင်းကြောင်းကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ဆောင်ချက်များကို သက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးအဖွဲ့များနှင့် ကရင်နီပြည်နယ်မှ သက်ဆိုင်ရာတိုင်းရင်းသားအရပ်သားများနှင့် ချိတ်ဆက်ကာ ဆွေးနွေးမှုများပြုလုပ်ရန်လိုအပ်ပါသည်။ ဗမာ့ယဉ်ကျေးမှု၊ သင်္ကေတများ နှင့် ဘာသာရေးဆိုင်ရာ အတင်းအကျပ်လက်ခံစေခြင်းများကို ရှောင်ရှားသင့်ပါသည်။

၂။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲခြင်းမှတစ်ဆင့် တိုင်းရင်းသားလူနည်းစုများနှင့် ပိုမိုသင့်မြတ်စေရန် ပြည်ထောင်စုအစိုးရဖွဲ့သည့်အခါ တိုင်းရင်းသားနိုင်ငံရေးပါတီများပါဝင်သည့် ညွန့်ပေါင်းအစိုးရအဖွဲ့ ကာ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး အားလုံးအတွက်ဝန်ဆောင်မှုအရည်အသွေးတိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်သင့်သည်။

၃။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီစာချုပ်မူဘောင်ကို ပြန်လည်သုံးသပ်ရန်နှင့် လက်နက်အင်အားပေါ် အခြေမတည်ပဲ တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအင်အားစုအားလုံးနှင့် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်ရန်အတွက် နေရာဖန်တီးပေးရန်လိုအပ်ပါသည်။

၄။ ယုံကြည်မှုတည်ဆောက်သည့်လုပ်ငန်းစဉ် အားကောင်းစေရန်အတွက် တပ်မတော်ကိုပြန်လည်ဖွဲ့စည်းတည်ဆောက်သည့်အခါ ရာထူးမြင့်နေရာများတွင် တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်စားပြုမှုနှင့်အတူ အားလုံးပါဝင်နိုင်စေရန် အခိုင်အမာအကြံပြုထောက်ခံအပ်ပါသည်။

၅။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် စည်းလုံးညီညွတ်ရေးကို အလေးအနက်ထား၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စနစ်တကျနှင့် မဟာဗျူဟာကျကျချဉ်းကပ်မှုတစ်ခု ရှိသင့်ပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်မရေးထိုးရသေးသောအဖွဲ့များပါဝင်လာစေရန် အခြားသောနည်းလမ်းများရှာဖွေကာလုပ်ဆောင်သင့်သည်။

၆။ သုတေသနတွေ့ရှိချက်သက်သေအထောက်ထားများသည်  ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အသုံးဝင်စေရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ သဘောထားအမြင်များကိုထည့်သွင်းစဉ်းစားကာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားလုံးပါဝင်စေမည်ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် လွှတ်တော်အဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း ပြည်သူ့နီတိ (civic education) ကို လူအများသိရှိအောင် ပညာပေးခြင်းမှတစ်ဆင့်လူ့အဖွဲ့အစည်းအတွင်း သဟဇာတဖြစ်ပြီး ညီညွတ်စွာဖြင့်နေထိုင်နိုင်ရန် (social cohesion)  ဒေသခံရပ်ရွာလူထုနှင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ အသိပညာပေးမှုများဆောင်ရွက်သင့်သည်။

ကရင်နီပြည်သူ၊ပြည်သားများ၏ ဆန္ဒအစစ်အမှန်သည် ၎င်းတို့ခံစား ရင်ဆိုင်နေရသည့်အရာများကို ထုတ်ဖော်ပြောဆိုခြင်းဖြင့် တန်းတူအခွင့်အရေးရရှိရန် နှင့် ၎င်းတို့အပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်ရန်ဖြစ်ပါသည်။ ကရင်နီပြည်နယ်တွင်နေထိုင်သော တိုင်းရင်းသားလူနည်းစုများ၏ သဘောထားအမြင်များကို နားထောင်ရုံသာမက လူထုတွေ့ဆုံပွဲများအတွင်း သဘောတူညီချက်များကို အစမှအဆုံးထိတိုင် လက်တွေ့အကောင်အထည်ဖော်ရန်လည်း လိုအပ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်မှုမျိုးသည် နိုင်ငံရေးအဖွဲ့အစည်းတည်ဆောက်မှုတွင် ပြည်သူများ၏ ယုံကြည်မှုကိုတည်ဆောက်ရာတွင် အထောက်အကူပြုပြီး အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်နယ်အစိုးရကြားတင်းမာမှုများကိုလည်း ပြေလျော့စေကာ ပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့်အစိုးရအဖွဲ့သည် ကရင်နီပြည်နယ်တွင်ဖြစ်ပွားနေသော ပဋိပက္ခများကိုကျော်လွှားကာ အပြန်အလှန်ယုံကြည်မှုနှင့်အားလုံးပါဝင်ရေးအတွက် တိုင်းရင်းသားလူနည်းစုများ၏အသံ၊ သဘောထားအမြင်များကို ကိုယ်စားပြုနိုင်မည့် စစ်မှန်သောအရပ်သားအစိုးရအဖွဲ့ ဖြစ်လာမည် ဖြစ်သည်။

# ကျမ်းညွှန်းမှတ်စု

[၁] "ဗမာ" နှင့် "ကရင်နီပြည်နယ်" နာမည်များကို "မြန်မာ" နှင့် "ကယားပြည်နယ်" ဟု ဗမာကြီးစိုးသည့်စစ်အစိုးရက အသီးသီးပြောင်းလဲသုံးနှုန်းခဲ့ပြီး၊ ၎င်းသည် ပြည်နယ်အတွင်း သဘောထားကွဲလွဲမှုများနှစ်ပေါင်းကြာရှည်စွာဖြစ်ပေါ်စေခဲ့သည် (Kramer ၊ Russel နှင့် Smith ၊ ၂၀၁၈)၊ ဤအစီရင်ခံစာတွင် မူလအမည်များကိုအသုံးပြုထားသည်။

# ကျမ်းကိုးစာရင်း


Berlie, J. A. (2008). *The Burmanization of Myanmar's Muslims.* Bangkok, Thailand: White Lotus Press.

Democratic Dialogue. (1995). Social exclusion, social inclusion. Retrieved from https://cain.ulster.ac.uk/dd/report2/ddreport2.pdf

Galtung, J. (1990). Cultural violence. *Journal of Peace Research, 27, 291-305.*

Gravers, M. (2010). Exploring ethnic diversity in Burma. J*ournal of Social Issues in Southeast Asia, 25, 292-294.*

Hamilton, A., & Svensson, J. (2014). *The vicious circle of poverty, poor public service provision, and state legitimacy: A view from the ground in Sudan. Stockholm University, Stockholm: Sweden.*

Holmes, A, R. (1967). Burmese domestic policy: The politics of Burmanization. *Asian Survey, 7, 188-197.*

Karlsson, K. (2012). Material religion and ethnic identity: Buddhist visual culture and the Burmanization of the Eastern Shan State. In J. Bautista (Ed.), *The spirit of things: Materiality and religious diversity in Southeast Asia (pp. 61-77).* Ithaca, NY: Cornell University Press .

Kham, K. Z. (2016). *Nationalism and Christianity in Myanmar: Christian identity and witness in Myanmar today.* Unpublished PhD thesis, Faculty of Concordia Seminary, St. Louis, MO.

Kramer, T., Russel, O., & Smith, M. (2018). *From war to peace in Kayah (Karenni) State: A land at the crossroads in Myanmar.* Amsterdam, Netherlands: Transitional Institute.

Krieger, N. (1999). Embodying inequality: A review of concepts, measures, and methods for studying health consequences of discrimination. *International Journal of Health Services, 29, 295–352.*

Levi, M. (1998). A state of trust. In M. Levi & V. Braithwaite (Eds.), *Trust and governance (pp. 77-101).* New York, NY: Russell Sage Foundation.

Lewis, J. L. (1924). *The Burmanization of the Karen people of Burma.* Chicago, IL: University of Chicago Divinity School.

Smith, M. (1994). *Ethnic groups in Burma.* London, UK: Anti-Slavery International.

Tafjord, B. G. (2007). Entrepreneurship and democracy. In M. N. Chilambo & O. R. Hunnes (Eds.), *Learning democracy: A resource book* (pp. 181-192). Kala, Malawi: Montfort Media.

Tarling, N. (1992). *The Cambridge History of Southeast Asia: The nineteenth and twentieth centuries, Volume 2.* New York, NY: Cambridge University Press.

Turner, B. S. (2006). *The Cambridge dictionary of sociology.* Cambridge, UK: Cambridge University Press.

United Nations High Commissioner for Refugees South-East Myanmar Information Management Unit (2014). *Kayah State profile.* Retrieved from http://data.unhcr.org/thailand/regional.php

Watts, M. (2002). Political Ecology. In E. Sheppard & J. Barnes (Eds.), *A companion to economic geography (pp. 257-274).* Oxford, UK: Blackwell Science.

World Bank. (2014). *Tunisia: Breaking the barriers to youth inclusion.* Retrieved from https://www.worldbank.org/

# စာရေးသူများအကြောင်း

**နော်ဝေနင်းကျော်** သည် ရန်ကုန်တိုင်းဒေသကြီးမှဖြစ်ပြီး မြန်မာနိုင်ငံဝမ္မတက္ကသိုလ်မှ ဘွဲ့ရရှိထားပါသည်။ လက်ရှိတွင် သူမသည် ဂျာမနီနိုင်ငံ၊ Cologne တက္ကသိုလ်ရှိ လူမှုရေး၊ ယဉ်ကျေးမှု နှင့် မနုဿဗေဒဌာနမှ ပါရဂူဘွဲ့တန်းကျောင်းသားနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်တွင် လုပ်ဆောင်နေသည့် သုတေသန လုပ်ငန်းစဉ်တွင် လက်ထောက်သုတေသီအဖြစ် လုပ်ကိုင်နေပါသည်။ သူမသည် အတွေ့အကြုံပြည့်ဝသော လူမှုရေးသိပ္ပံသုတေသီတစ်ဦးအဖြစ် ငြိမ်းချမ်းရေးဆိုင်ရာ ခေါင်းဆောင်မှုနှင့် သုတေသနအင်စတီကျူ့ (PLRI) တွင် သင်ယူဆည်းပူးထားသည့် ပဋိပက္ခဖြေရှင်းနည်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ပညာရပ်ဗဟုသုတများကို လက်တွေ့အသုံးချခြင်းဖြင့် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ထားပါသည်။

**စိုးစိုးနွယ်** သည် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်မှဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် သတင်းပညာကျောင်းကို အောင်မြင်စွာ တက်ရောက်ပြီးနောက် သူမသည် Tavoyan Voice တွင် အလွတ်တန်းသတင်းထောက်အဖြစ်လုပ်ကိုင်ခဲ့ပြီး အမျိုးသမီးများကဏ္ဍတိုးမြှင့် ရေးအတွက် မူဝါဒလှုံ့ဆော်ခြင်း နှင့် အမျိုးသမီးများ၏အသက်မွေးဝမ်းကျောင်းအပေါ် ထားဝယ်အထူးစီးပွားရေးဇုန်၏သက်ရောက်မှု များအကြောင်းကို “Our Lives – Not For Sale” စီမံကိန်းခေါင်းစဉ်အောက်တွင် သတင်းများရေးသားခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ခုနှစ်တွင် သူမသည် George W. Bush အင်စတီကျူ့မှ ဖွင့်လှစ်သည့် လွတ်လပ်ရေး နှင့် ခေါင်းဆောင်မှုအစီအစဉ်တွင် သင်ယူလေ့လာခဲ့ပါသည်။ စိုးစိုးနွယ်သည် ယခင်က အမျိုးသမီးများအဖွဲ့ချုပ် (Women’s League of Burma) တွင် အထွေထွေအတွင်းရေးမှူးအဖြစ် လည်းကောင်း၊  အလုပ်ရာထူးအမျိုးမျိုးတွင်လည်းကောင်း တာဝန်ယူလုပ်ကိုင်ခဲ့ပါသည်။ သူမသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသားအဆင့်ဆွေးနွေးပွဲတစ်ခုဖြစ်သည့် ပထမဆုံးသော အရပ်ဘက်အဖွဲ့အစည်းများ ဆွေးနွေးပွဲ၏ အလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးလည်းဖြစ်ပြီး ထားဝယ်အမျိုးသမီးများသမဂ္ဂ အဖွဲ့ဝင်တစ်ဦးအဖြစ် လူထုစည်းရုံးလှုံ့ဆော်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့် တင်ရာတွင် လုပ်ဆောင်ခဲ့ပါသည်။ သူမသည် Migrant Justice Program တွင်လည်း ပညာရေးတွဲဘက်တာဝန်ခံအဖြစ်လည်း လုပ်ကိုင်ခဲ့ပါသည်။ လက်ရှိတွင် သူမသည် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) မှဆောင်ရွက်သည့် Women’s Leadership Pathways သုတေသနစီမံကိန်းတွင် အချိန်ပိုင်းသုတေသီအဖြစ်လုပ်ကိုင်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ခေါင်းဆောင်မှုနှင့် သုတေသနအင်စတီကျူ့တွင် လေ့လာသင်ယူပြီးနောက် သူမသည် ငြိမ်းချမ်းရေး၊ ပဋိပက္ခ နှင့် သုတေသနဆိုင်ရာနယ်ပယ်များတွင် ဝင်ရောက်လုပ်ကိုင်ပြီး အနာဂတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုကောင်းမွန်သော ချဉ်းကပ်နည်းလမ်းရရှိရန် သက်ဆိုင်သူများကို သက်သေအထောက်အထားအခြေပြု အချက်အလက်များ ပံ့ပိုးကူညီပေးနိုင်ရန် ရည်ရွယ်ထားပါသည်။

ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် FES ၊ PLRI နှင့်တကွ ယင်းတို့၏ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေးအမြင်များမဟုတ်ပါ။

FES မှထုတ်ဝေထားသော စာအုပ်များကို FES ၏ စာဖြင့်ရေးသား ထားသော သဘောတူညီချက်မပါပဲ အမြတ်အစွန်းအတွက်စီးပွားဖြစ်ထုတ်ဝေခွင့်မပြုပါ။

**ပုံနှိပ်**
©၂၀၁၉ ခုနှစ် ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း (FES) မြန်မာရုံး
အမှတ် (၇၃၉)၊ စံပါယ်ရုံလမ်းသွယ် (၁)၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

**တာဝန်ရှိပုဂ္ဂိုလ်**
အလက်ခ်စ်ဆေး ယူစူပေါ့ဗ် - ဌာနေကိုယ်စားလှယ်
ရုံးဖုန်း ၀၉ ၉၇၂ ၇၇၉ ၇၄၇
https://www.fes-myanmar.org
Friedrich-Ebert-Stiftung Myanmar Office

စာအုပ်မှာယူရန်
info-myanmar@fes.asia

**Izumi Idoia Zubia** – Cover illustrations
**Myriam Rueda** – Layout Design
**နော်ဝေနင်းကျော်** - ဘာသာပြန်ဆိုသူ
**နော်စာဘလု** - စာအထားအသိုဖတ်ရှုစစ်ဆေးသူ

**ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့ အကြောင်း**

ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့သည် သပြေပညာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ဖွဲ့စည်းထားသော အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပါသည်။ သင်တန်းကျောင်းကို ၂၀၁၈ခုနှစ်တွင်စတင်ထူထောင်ခဲ့ပြီး တစ်နှစ်တာအချိန်ကြာမြင့်သော ငြိမ်းချမ်းရေးခေါင်းဆောင်မှု ဘွဲ့လွန်ဒီပလိုမာပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကိုဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှုကိုရှိသော ခေါင်းဆောင်မှုဆိုင်ရာနှင့် သက်သေအထောက်အထား (သို့) အချက်အလက်အခြေပြုသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်အောင် ပြုစုပျိုးထောင်ပေးနေသော နေရာတစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် သင်တန်းကျောင်းသည် လူမှုရေးသိပ္ပံနှင့် ပတ်သက်ဆက်နွယ်သော သုတေသနပြုလုပ်ခြင်းဆိုင်ရာ အရည် အသွေးမြင့်သင်တန်းကို မြန်မာနိုင်ငံတဝှမ်းလုံးရှိ တက်ကြွပြီး အရည်အချင်းပြည့်ဝသောလူငယ်များကို လေ့ကျင့်သင်ကြားပေးပြီ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များမျှော်မှန်းသော ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်လာနိုင်ရန်ဖြစ်သည်။ ဤစာစောင်သည် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း တက်ရောက်ခဲ့သည့် ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့ပြီး ပညာရေးဆိုင်ရာဆောင်းပါးအဖြစ် ရွေးချယ်ခြင်းခံထားရသည့် အစီရင်ခံစာ ၆ ခုအနက်မှ တစ်ခုဖြစ်သည်။

**၂၀၁၈ -၂၀၁၉ PLRI ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့သော အခြားစာတမ်းများ -**

- မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်ချမှတ်ခြင်း - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏သဘောထားအမြင်များ
- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တစ်ဆို့စေသည့်အကြောင်းရင်းများ
- ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၏အားသာချက် - မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် လူငယ်များ၏ပါဝင်မှုကို မြှင့်တင်ခြင်း
- ဖုံးကွယ်ခံအမှန်တရားများ - ရခိုင်ပြည်နယ်မြောက်ပိုင်းမှလူနည်းစုအတွင်းရှိ လူနည်းစုများ၏ အကြမ်းဖက်အရေးအခင်းအတွင်း အတွေ့အကြုံများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ်ပြည်သူလူထု၏ယုံကြည်အားကိုးမှု - သက်ရောက်လွှမ်းမိုးမှုရှိနေသည့် အကြောင်းရင်းများကို လေ့လာဖော်ထုတ်ခြင်း

- သုတေသနအစီရင်ခံစာ ၆ စောင်အား ပေါင်းစုထားသည့် "မြန်မာ့ငြိမ်းချမ်းရေးကို ရှာဖွေခြင်း - ထိပ်ဆုံးအလွှာမှသည် အောက်ခြေ မြေပြင်အဆင့်၏ အတွေးအမြင်များကို ဆန်းစစ်လေ့လာခြင်း" ဟူသောစာစောင်ကိုလည်း ရယူဖတ်ရှုနိုင်ပါသည်။

Friedrich-Ebert-Stiftung (FES) (ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း) သည် ဂျာမနီနိုင်ငံတွင် သက်တမ်း အကြာရှည်ဆုံး နိုင်ငံရေး ဖောင်ဒေးရှင်းဖြစ်ပြီး၁၉၂၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျာမနီ၏ပထမဦးဆုံး ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏အမည်ကို အစွဲပြု၍အမည်ပေးထားခြင်း ဖြစ်သည်။

FES မြန်မာရုံးကို ၂၀၁၄ခုနှစ်တွင် တရားဝင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သို့သော် FES လုပ်ငန်းများမှာမူ ၂၀၀၅ခုနှစ်ကပင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ FES ၏ပြဋ္ဌါန်းလုပ်ဆောင်မှုနှင့်အညီ ဆိုရှယ်ဒီမိုကရေစီတန်ဖိုးများနှင့် အယူအဆများကို ဖော်ဆောင်ရန် FES မြန်မာရုံးသည် အများပါဝင်ဆောင်ရွက်နိုင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်စေးရေးလုပ်ငန်း၊ လူမှုတရားမျှတမှု ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရေး အထောက်အကူပြုသောလုပ်ငန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒ အခြေခံမှုများဖြစ်သော ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ပေးသော လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပါသည်။

www.fes-asia.org